# Message Six

## ဘုရားသခင်၏ကျေးဇူးတော်နှင့် အရာအားလုံးပါဝင်သောဝိညာဉ်တော်

ဖတ်ရန်ကျမ်း။   ။ ၁ကော၊၁၅း၁၀။ ၂ကော၊၁း၁၂၊ ၁၅၊ ၂၁-၂၂။ ၃း၃၊ ၆၊ ၈၊ ၁၇-၁၈။ ၁၂း၉။ ၁၃း၁၄

**I. ကောရိန္သုဒုတိယစာစောင်၌ ဘုရားသခင်၏ကျေးဇူးတော်တည်းဟူသော ခရစ်တော်သည် ကျွန်ုပ်တို့ ဝင်ရောက်နိုင်သော၊ တွေ့ကြုံခံစားပြီး မွေ့လျော်ဝမ်းမြောက်နိုင်သော၊ ပါဝင်ဆက်ဆံ၍ ပိုင်ဆိုင်နိုင်သော ကောင်းသောမြေ ဖြစ်သည် - ယော၊၁း၁၇။ ၁ကော၊ ၁၅း၁၀။ ညွှန်း၊ ဂလ၊၂း၂၀။ ၁ကော၊၅း၇၊ ၁၀း၃-၄။ ၂ကော၊၁၃း၁၄။**

A. ၂ကော၊၁၃း၁၄ ၌ သခင်ဘုရား၏ကျေးဇူးတော်ကို ဦးစွာ ဖော်ပြထားခြင်းမှာ ဤစာစောင်သည် ခရစ်တော်၏ကျေးဇူးတော် အကြောင်း ဖြစ်သောကြောင့် ဖြစ်သည် - ၁း၁၂။ ၄း၁၅။ ၆း၁။ ၈း၁၊ ၉။ ၉း၈၊ ၁၄။ ၁၂း၉။

1. ခမည်းတော်၏မေတ္တာတော်နှင့်အတူ ခရစ်တော်၏ကျေးဇူးတော် သွေးလည်ပတ်ခြင်း၊ ပို့လွှတ်ဖြန့်ဖြူးခြင်းအဖြစ် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာနှင့် အသင်းတော်အသက်တာ၌ရှိသော မစမှုဖြစ်သည်။
    a. အသင်းတော်အသက်တာ တစ်ခုလုံးသည် ၂ကော၊၁၃း၁၄ ပေါ်တွင် မူတည်နေသည်။
    b. ၂ကော၊၁၃း၁၄ ၌ ဖွင့်ပြထားသည့်အတိုင်း ကျွန်ုပ်တို့အတွင်းရှိ ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်း၏စီးကြောင်းသည် ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာသွေးခုန်နှုန်း ဖြစ်သည်။
2. ၂ကော၊၁၃း၁၄ ရှိသော ကောင်းချီးမင်္ဂလာသည် တောရင်း၊၆း၂၂-၂၇ ၌ရှိသော ကောင်းချီးမင်္ဂလာနှင့် အတူတူပင်ဖြစ်သည်။ ဤသည်မှာ သုံးပါးတစ်ပါးဘုရား၏ ထာဝရဆိုင်ရာ ကောင်းချီးမင်္ဂလာဖြစ်ပြီး၊ ယင်းမှာ သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၌ သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပေးနေခြင်း ဖြစ်သည်။
    a. "ယေဟောဝါသည် သင့်ကို ကောင်းချီးပေး၍ စောင့်မတော်မူပါစေသော" ဆိုသည်မှာ အသက်စမ်းရေတွင်းနှင့် အလင်းတည်းဟူသော ခမည်းတော်ဘုရား၏မေတ္တာတော် ဖြစ်သည် - အငယ်၊၂၄။ ဆာ၊၃၆း၉။
    b. "ယေဟောဝါသည် မျက်နှာတော်အလင်းကို သင့်အပေါ်ထွန်းလင်း၍၊ ကျေးဇူးပြုတော်မူပါစေသော" ဆိုသည်မှာ ဘုရားသခင့်အိမ်တော်၏ ဆီဦတည်းဟူသော ခရစ်တော်၏ကျေးဇူးတော် ဖြစ်သည် - တောရင်း၊၆း၂၅။ ဆာ၊၃၆း၈။
    c. "ယေဟောဝါသည် သင့်ကို မျှော်ကြည့်၍ ငြိမ်သက်ခြင်းပေးတော်မူပါစေသော" ဆိုသည်မှာ ဘုရားသခင်၏ကျေနပ်ခြင်းမြစ်ရေ တည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယ ဖြစ်သည် - တောရင်း၊၆း၂၆။ ဆာ၊၃၆း၈။

B. ကိုယ်တော်၏စီမံကိန်း၌ရှိသော ဘုရားသခင်၏ကျေးဇူးတော်သည် ကြွယ်ဝခြင်း၊ တိုးပွားများပြားခြင်းနှင့် ပေါများပြည့်လျှံခြင်း ရှိသည် - ဧ၊၂း၇။ ၁ပေ၊၁း၂။ ၂ပေ၊၁း၂။ ဧ၊၁း၇ခ-၈။

1. ဘုရားသခင်သည် ချစ်တော်မူသောသူ၌ ကျွန်ုပ်တို့အား ကျေးဇူးပြုတော်မူသည် - အငယ်၊၆။
2. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ရပ်တည်နေသော ဤကျေးဇူးတော်အထဲသို့ ယုံကြည်ခြင်းအားဖြင့် ဝင်ရောက်ခွင့်ရကြသည်- ရော၊၅း၂က။
3. ကျွန်ုပ်တို့၌ရှိသော ခရစ်တော်ကို ကျွန်ုပ်တို့ နေ့စဉ် လက်ခံရရှိခြင်း၊ တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း ရှိသောအခါ၊ ကျေးဇူးတော်ပေါ် ကျေးဇူးတော် ထပ်ဆင့်၍ ကျွန်ုပ်တို့ထံ ကျေးဇူးတော် ပေါင်းထည့်ပေးခြင်း ဖြစ်သည် - ယော၊၁း၁၆။

C. ပဋိညာဉ်တရားသစ်အမှုဆောင်များ၏ အသက်ရှင်ခြင်းသည် ကျေးဇူးတော်၏ အသက်ရှင်ခြင်း၊ ကျေးဇူးတော်ကို တွေ့ကြုံခံစားခြင်း ဖြစ်သည် - ဟေဗြဲ၊၁၂း၂၈။ ၁ကော၊၁၅း၁၀။ ၂ကော၊၁း၁၂၊ ၁၅။

1. သခင်ယေရှုခရစ်၏ ကျေးဇူးတော်၊ ကျေးဇူးတော်၏ ဝိညာဉ်တော်သည် သုံးပါးတစ်ပါးဘုရား၏ ကိန်းဝပ်ရာနေရာနှင့် ထည့်စရာတန်ဆာဖြစ်ရန် အသစ်မွေးဖွားခံရပြီးသော ကျွန်ုပ်တို့ဝိညာဉ်နှင့်အတူ ရှိသည် - ဟေဗြဲ၊၁၀း၂၉ခ။ ဂလ၊၆း၁၈။ ဖိ၊၄း၂၃။ ဖိလေ၊၂၅။ ၂တိ၊၄း၂၂။ ညွှန်း၊ ၁း၆-၇။

2. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ထံသို့ လှည့်ပြန်သောအခါတိုင်း၊ ကောင်းကင်တံခါးဝမှတစ်ဆင့် ဝင်၍ ကောင်းကင်လှေကားတည်းဟူသော ခရစ်တော်မှတစ်ဆင့် ကောင်းကင်၌ရှိသော ကျေးဇူးတော်ပလ္လင်ကို ထိတွေ့ရသည် - ဟေဗြဲ၊ ၄း၁၆။ က၊ ၂၈း၁၂-၁၇။ ယောဟ၁း၅၁။ ဧ၂း၂၂။
3. ဖောက်ပြန်ခြင်းကင်းလျက် ငါတို့သခင် ယေရှုခရစ်ကို ချစ်သောသူအပေါင်းတို့နှင့်အတူ ကျေးဇူးတော်ရှိနေသည် - ဧ၆း၂၄။
4. နှိမ့်ချခြင်းသည် ကျွန်ုပ်တို့အား ပျက်စီးခြင်းအမျိုးမျိုးမှ ကယ်တင်ပြီး၊ ဘုရားသခင်၏ကျေးဇူးတော်ကို ဖိတ်ခေါ်ပါသည် - ၁ပေ၊၅း၅-၆။ ယာ၊၄း၆။
5. ကျွန်ုပ်တို့သည် ကိုယ်တော်၏ ကျေးဇူးတော်စကားကို မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည်- တ၊၂ဝး၃၂။ ယေ၊၁၅း၁၆။
6. ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၏ မွေ့လျော်ဝမ်းမြောက်ခြင်းအထဲသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်ပေးစေရန် ကျေးဇူးတော်နှင့် အသနားခံတောင်းလျှောက်သော ဝိညာဉ်တော်ကို တွေ့ကြုံခံစားဖို့ လိုအပ်သည်- ဇာ၊ ၁၂း၁ဝက။
7. ပဋိညာဉ်တရားသစ်အမှုဆောင်များသည် ဆင်းရဲဒုက္ခများမှတစ်ဆင့် သူတို့၏ အရာအားလုံး-ပြည့်စုံလုံလောက်သော ကျေးဇူးတော်အဖြစ် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ကြသည်။
   a. ပဋိညာဉ်တရားသစ်အမှုတော်သည် ဖွင့်ပြခြင်းနှင့် ဆင်းရဲဒုက္ခပေါင်းစပ်ခြင်းမှ ထွက်ပေါ်လာသည် - ၂ကော၊၁၂း၇။ ၁း၃-၄၊ ၈-၁ဝ။
   b. ကျေးဇူးတော်တည်းဟူသော ခရစ်တော်သည် ပဋိညာဉ်တရားသစ်အမှုဆောင်များအပေါ် တဲတော်အဖြစ် တည်နေသော တန်ခိုးတော် ဖြစ်လာပြီး၊ သူတို့၏အားနည်းခြင်း၌ သူတို့ကို ဖုံးအုပ်လွှမ်းခြုံပေးကာ၊ သူတို့ကို အားဖြည့်ရန်၊ ထောက်ပံ့ရန်၊ ထိန်းသိမ်း၊ ကာကွယ်ရန်နှင့် စောင့်ထိန်းရန် သူတို့၏ကိန်းဝပ်ရာနေရာ ဖြစ်လာသည် - ၁၂း၉ခ။
8. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လှုပ်ရှားမှုနှင့် ကျွန်ုပ်တို့၏ အကာအကွယ်အတွက် ခွန်အားနှင့် တန်ခိုးအဖြစ် ခရစ်တော်၌ရှိသော ဘုရားသခင်၏ ကျေးဇူးတော်ကို ယူဆောင်လျှောက်လှမ်းရန် လိုအပ်သည် - ယေ၈၊၁း၆ခ၊ ၉က။ ထွ၊၁၉း၄။ ဟေရှာ၊ ၄ဝး၃၁။ ၂ကော၊၄း၇။ ၁း၁၂။ ၁၂း၉။ ၁ကော၊၁၅း၁ဝ။ ဆာ၊၁၇း၈။ ၅၇း၁။ ၆၃း၇။ ၉၁း၄။
9. ကျွန်ုပ်တို့သည် ကျေးဇူးတော်ကို ပေါများကြွယ်ဝစွာ လက်ခံရရှိခြင်းအားဖြင့် အသက်၌ စိုးစံကြသည်- ရော၊၅း၁၇။
10. ကျွန်ုပ်တို့သည် ဘုရားသခင်၏အထူးထူး အပြားပြားသော ကျေးဇူးတော် ဘဏ္ဍာစိုးကောင်းများဖြစ်ရန် လိုအပ်သည်- ၁ပေ၊၄း၁ဝ။ ဧ၃း၂။
11. ကျွန်ုပ်တို့၏စကားများသည် ကြားနာသူတို့ထံသို့ ကျေးဇူးတော်ကို ယူဆောင်ပေးသင့်ပါသည် - လု၊၄း၂၂။ ဧ၊၄း၂၉။ ဟေရှာ၊၅ဝး၄။
12. ကျွန်ုပ်တို့သည် စစ်မှန်သောတစ်လုံးတစ်ဝဖြစ်ခြင်း၌ မိမိတို့ကိုယ်ကို စောင့်ထိန်းရန် အသင်းတော်အသက်တာ၌ အသက်၏ ကျေးဇူးတော်ကို မွေ့လျော်ဝမ်းမြောက်ဖို့ လိုအပ်သည် - ဆာလံ၊၁၃၃။
13. အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့အပေါ် ကျေးဇူးတော်ရှိသောအခါ အသင်းတော်သည် တည်ဆောက်ခြင်းရှိလိမ့်မည်ဖြစ်ပြီး၊ ကျွန်ုပ်တို့လက်ခံရရှိသော ကျေးဇူးတော်သည် မြင်တွေ့နိုင်ခြင်း ရှိလိမ့်မည်- တ၊၄း၃၃။ ၁၁း၂၃။
14. ဘုရားသခင်၏စီမံကိန်း၌ ကျေးဇူးတော်၏ထုတ်ကုန်မှာ ဘုရားသခင်၏အတိုင်းအဆမရှိသော ပညာတော်နှင့် ဘုရားဆိုင်ရာ လက်ရာတော်ကို ထင်ရှားစေသည့် ဘုရားသခင်၏ကဗျာ တည်းဟူသော ခရစ်တော်၏ကိုယ်ခန္ဓာတော် ဖြစ်သည်- ဧ၂း၁ဝ၊၇။ ၂ကော၊၅း၁၇။
15. ဓမ္မသစ်ခေတ်ကာလတစ်လျှောက် ကိုယ်တော်၏ယုံကြည်သူများထံ ဝေငှဖြန့်ဖြူးပေးသော သခင်ယေရှု၏ကျေးဇူးတော်သည် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံကာ၊ ယင်း၌ အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားသည် ထာဝရကာလပတ်လုံး ယုံကြည်သူများအားလုံးဖြင့် မွေ့လျော်ဝမ်းမြောက်ရသော ကျေးဇူးတော် ဖြစ်လာမည် ဖြစ်သည် - ဗျာ၊၂၂း၂၁။ ညွှန်း၊ ၂၁း၂၃။ ၂၂း၁-၂။

**II. ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် ပဋိညာဉ်တရားသစ်၏ အမှုဆောင်များအဖြစ် ထုံးဖွဲ့ခြင်း ခံရနိုင်ရန် အလို့ငှာ ကျွန်ုပ်တို့သည် ကောရိန္သုဒုတိယစာစောင်ရှိ အရာအားလုံးပါဝင်သောဝိညာဉ်တော်ဖြစ်သော ခရစ်တော်၏သွင်ပြင်များ အားလုံးကို တွေ့ကြုံခံစားရန် လိုအပ်သည်။**

A. ဘိသိက်ပေးသောဝိညာဉ်တော်သည် ဘုရားသခင်၏ဘုရားဆိုင်ရာ ပါဝင်မှုများနှင့် ထုံးဖွဲ့မှုများ အားလုံးကို ကျွန်ုပ်တို့အထဲသို့ ပေးဝေရန် ကျွန်ုပ်တို့အတွင်း၌ လှုပ်ရှား၊ လုပ်ဆောင်နေသည့် အတွင်း၌ ကိန်းဝပ်နေသော၊ ပေါင်းစပ်ထားသော ဝိညာဉ်တော် ဖြစ်သည် - ၁း၂၁။ ဖိ၁း၁၉။ ထွ၊၃၀း၂၃-၂၅။ ရော၁၀း၁၂-၁၃။

1. ဘိသိက်တော်၏ရောက်ရှိခြင်းသည် ပေါင်းစပ်ထားသောဘုရားသခင်ကို ကျွန်ုပ်တို့အထဲသို့ ဘိသိက်သုတ်လိမ်းခြင်းဖြင့် ကိုယ်တော်နှင့် ကျွန်ုပ်တို့ ပေါင်းစည်း၊ ရောနှောခြင်းနှင့် ပေါင်းစပ်ပါဝင်ခြင်း ရှိလာနိုင်ရန် ဘုရားသခင့် ကယ်တင်ခြင်း၏ အလယ်ဗဟိုကျသော အကြံအစည်တော်ကို ပြီးမြောက်စေသည် - ၁ကော၁၅း၄၅ခ။ ၁ယော၊၂း၂၀၊၂၇။

2. ဘိသိက်ပေးခြင်း၏သွန်သင်ခြင်းသည် ကျွန်ုပ်တို့အတွင်းရှိ ဝိညာဉ်တော်၏ လှုပ်ရှားခြင်းအားဖြင့် ဖြစ်ပွားသည့် အတွင်း ခံစားချက် ဖြစ်ပြီး၊ ကျွန်ုပ်တို့အား သုံးပါးတစ်ပါးဘုရားနှင့် ကိုယ်တော်၏လှုပ်ရှားခြင်းများနှင့်စပ်လျဉ်းသည့် အရာများ ကို သွန်သင်ပေးခြင်းဖြင့် ဘုရားသခင်၏ အသိဉာဏ်ကို သိကျွမ်းရန်နှင့် ကိုယ်တော်၌ အသက်ရှင်ရန် ကျွန်ုပ်တို့ကို တတ်စွမ်းစေသည် - အငယ်၊၂၇။ တ၊၁၆း၆-၇။

B. တံဆိပ်ခတ်သော ဝိညာဉ်တော်သည် ဘုရားသခင်၏ပုံသဏ္ဌာန်တော်ကို ထင်ရှားရန် ဘုရားဆိုင်ရာဒြပ်သဘာဝများကို ခတ် နှိပ် ပုံဖော်ပေးသည်- ၂ကော၁း၂၂။ ဧ၁း၁၃။

1. တံဆိပ်ခတ်ပေးသောဝိညာဉ်တော်သည် ယုံကြည်သူများ၌ သူတို့၏ ခန္ဓာရွေးနုတ်ခြင်းတိုင်အောင် စဉ်ဆက်မပြတ် ပျော် ဝင်ပြည့်ဝနေသည် - ဧ၄း၃၀။

2. တံဆိပ်ခတ်ပေးသောဝိညာဉ်တော်သည် ယုံကြည်သူတို့အား ကိုယ်တော်၏အမွေတော်အဖြစ် ဘုရားသခင်အဖို့ ဖိုးထိုက် ဘဏ္ဍာဖြစ်လာရန် ပုံသဏ္ဌာန်ပြောင်းလဲပေးနေသည် - ၁း၁၁။

3. ကျွန်ုပ်တို့သည် တံဆိပ်ခတ်ခြင်းခံရလေလေ၊ ဘုရားသခင်၏ လက်ရာတော်အဖြစ် ထုံးဖွဲ့ခံရရန် ဘုရားသခင်၏ပုံ သဏ္ဌာန်တော်ကို ပို၍ ဆောင်လေလေဖြစ်သည်- ၂ကော၃း၁၈ခ။ ဧ၂း၁၀။

C. စရန်ပေးသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ဘုရားသခင်ကို နမူနာအဖြစ် မြည်းစမ်းစေသကဲ့သို့ ပြည့်ဝသောအရသာ ကိုလည်း အာမခံချက်ပေးသည် - ၂ကော၁း၂၂။ ၅း၅။

1. ဝိညာဉ်တော်၏စရန်ပေးခြင်းက ဘုရားသခင်သည် ကျွန်ုပ်တို့၏အမွေဖြစ်ကြောင်းကို အာမခံပေးနေသည် - ဧ၁း၁၄။

2. စရန်ပေးသောဝိညာဉ်တော်တည်းဟူသော ခရစ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်လေ့ကျင့်ခြင်းမှတစ်ဆင့် ကျွန်ုပ်တို့၏ ဘုရားဆိုင်ရာအမွေ၊ ကျွန်ုပ်တို့၏ခွဲခန့်ထားသောဝေစုအဖြစ် ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ကျွန်ုပ် တို့၏ မြည်းစမ်းခြင်းအဖြစ် ကျွန်ုပ်တို့၌ ရှိသည် - ဆာ၊၃၄း၈။ ၁ပေ၊၂း၃။ ကော၁း၁၂။

D. (စာ)ရေးထိုးသောဝိညာဉ်တော်သည် ခရစ်တော်ကို ကျွန်ုပ်တို့အထဲသို့ ရေးသားတော်မူပြီး၊ ကျွန်ုပ်တို့ကို ခရစ်တော်၏ အသက်ရှင်သောစာများ ဖြစ်စေသည်-၂ကော၃း၃။ ညွှန်း၊ ဆာ၊၄၅း၁။

1. ခရစ်တော်သည် အသက်ရှင်သော ဘုရားသခင်၏ဝိညာဉ်တော်၊ ဝိညာဉ်ဆိုင်ရာမင်ဖြင့် ကျွန်ုပ်တို့အထဲသို့ ရေးထိုးခြင်းခံ ရသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ ရေးထိုးပေးခြင်းအောက်တွင် ရှိကြပါက၊ အတွင်း၌ အသက်ရှင်ခြင်းရှိ ကြောင်းကို နက်နဲသော အာရုံခံစားမှု ရှိကြမည်ဖြစ်သည်။

2. ဝိညာဉ်တော်သည် မင်ဖြစ်ပြီး၊ မင်တွင် ပါဝင်သောအရာမှာ ခရစ်တော်နှင့်အတူ ကိုယ်တော်၏ပုဂ္ဂိုလ်၊ အလုပ်နှင့် ရရှိ အောင်မြင်ခဲ့သောအရာများဖြစ်သည်။ ပေါင်းစပ်ထားသောမင်အဖြစ်ပေါင်းစပ်ထားသောဝိညာဉ်တော်သည် ခရစ်တော် ၏ဒြပ်ကိုယ်ထည်ကို ကျွန်ုပ်တို့အထဲသို့ ပေါင်းထည့်ပေးပြီး၊ ခရစ်တော်၏အနှစ်သာရနှင့်အတူ ကျွန်ုပ်တို့ကို ပျော်ဝင် ပြည့်ဝစေသည်။

E. အသက်ပေးသောဝိညာဉ်တော်၊ သက်ဝင်လှုပ်ရှားစေသောဝိညာဉ်တော်သည် ဘုရားအသက်ကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ပေးဝေတော်မူပြီး ကျွန်ုပ်တို့ကို အသက်၏အမှုတော်နှင့်အတူ အသက်၏လူများဖြစ်စေသည်-၂ကော၊၃း၆၊၁၇။ ယော၊၇း၃၈။

1. ကျွန်ုပ်တို့သည် ဝိညာဉ်လေ့ကျင့်ခြင်းနှင့်အတူ ဆုတောင်းခြင်းအပြည့်ဖြင့် သမ္မာကျမ်းစာကို လေ့လာ၊ ဖတ်ရှုသောအခါ၊ ကျွန်ုပ်တို့သည် သက်ဝင်လှုပ်ရှားခြင်းရှိကြသည် - ၂ကော၊၃း၆။ ယော၊၆း၆၃။
2. အခြားသူများထံသို့ အသက်ကို ပေးနိုင်သောသူ ဖြစ်ခြင်းငှာ၊ ကျွန်ုပ်တို့သည် ဘုရားအသက်၌ တည်ကြရမည်၊ ဘုရားအသက်၌ လျှောက်လှမ်းခြင်း၊ အသက်ရှင်ခြင်းနှင့် ကျွန်ုပ်တို့၏ဖြစ်ခြင်းကို ထားရှိခြင်း ရှိကြရမည်- ၁ယော၊၅း၁၆က။

F. အမှုဆောင်ပေးနေသော ဝိညာဉ်တော်သည် ခရစ်တော်၏ဖြစ်ခြင်းအားလုံးကို ကျွန်ုပ်တို့အထဲသို့ ပေးဝေနေပြီး၊ ခရစ်တော်ဖြစ်သမျှနှင့် ရှိသမျှ အရာအားလုံးကို ကျွန်ုပ်တို့ထံ စစ်မှန်စေသည်-၂ကော၊၃း၈။ ယော၊၁၆း၁၃-၁၅။

1. ကျွန်ုပ်တို့သည် သခင်ဘုရားကို ဆုတောင်းရန်နှင့် ခေါ်ရန် ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ခြင်းအားဖြင့် အမှုဆောင်ပေးနေသော ဝိညာဉ်တော်၏ မစမှုကို လက်ခံရရှိနိုင်ကြသည်- ဂလ၊၃း၅က။ ကော၊၄း၂။ ရော၊၁၀း၁၂-၁၃။
2. အမှုဆောင်ပေးနေသောဝိညာဉ်တော်သည် ခရစ်တော်ကို ကျွန်ုပ်တို့အထဲသို့ အမှုဆောင်ပေးနေပြီး၊ ကျွန်ုပ်တို့မှတစ်ဆင့် အခြားသူများထံသို့ ခရစ်တော်ကို အမှုဆောင်ပေးနေသည် - ၂ကော၊၃း၆။ ညွှန်း၊ဖိ၊၁း၂၅။

G. လွတ်မြောက်စေသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ပညတ်တရားစာများ၏ ချည်နှောင်မှုမှ လွတ်မြောက်စေသည်။ သခင်ဘုရား၏ဝိညာဉ်တော်သည် သခင်ဘုရား ကိုယ်တော်တိုင် ဖြစ်ပြီး၊ ကိုယ်တော်နှင့်အတူ လွတ်မြောက်ခြင်းရှိသည်- ၂ကော၊ ၃း၁၇။ ၄း၅။ ဂလ၊၂း၄။ ၅း၁။

1. ဤလွတ်မြောက်စေခြင်းတွင် ခရစ်တော်၏ ကြွယ်ဝသော၊ ထောက်မပေးသော မစမှုနှင့် ပြည့်ဝသော မွေ့လျော်ဝမ်းမြောက် မှုတို့နှင့်အတူ ပြည့်ဝသောကျေနပ်နှစ်သိမ့်ခြင်း ပါဝင်သည် - ယော၊၄း၁၄ခ။
2. ဤလွတ်မြောက်ခြင်းတွင် ပညတ်တရားကို စောင့်ထိန်းရန် လေးလံသောဝန်ထုပ်အောက်တွင် မရှိဘဲ၊ စစ်မှန်သောနားခိုခြင်းကို မွေ့လျော်ဝမ်းမြောက်ခြင်း ပါဝင်သည် - မ၊၁၁း၂၈-၃၀။

H. ပုံသဏ္ဍာန်ပြောင်းလဲပေးသောဝိညာဉ်တော်သည် ဘုရားအသက်၊ သဘောသဘာဝ၊ အနှစ်သာရ၊ ဒြပ်သဘာဝ- ဘုရားဆိုင်ရာဖြစ်ခြင်းကိုပင်-ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပေးသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အတွင်းဖြစ်ခြင်း၌ ဇီဝတွင်းဖြစ်ပျက်မှု ပြောင်းလဲနိုင်မည်ဖြစ်သည်-၂ကော၊၃း၁၈။

1. ကျွန်ုပ်တို့သည် မိမိတို့၏စိတ်နှလုံးကို သခင်ဘုရားထံ လှည့်ပြန်၍ ဖုံးကွယ်ခြင်းကင်းသော မျက်နှာနှင့် သခင်ဘုရား၏ဘုန်းတော်ကို ကြည့်၍ ရောင်ပြန်ဟပ်သောအခါ၊ ကိုယ်တော်သည် ကိုယ်တော်ဖြစ်သောအရာနှင့် ကိုယ်တော်ပြီးမြောက်ခဲ့သောအရာ၏ ဒြပ်သဘာဝများနှင့် ကျွန်ုပ်တို့ကို ဖြည့်သွင်းပေးသည်။
2. ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ အသက်အနှစ်သာရနှင့်အတူ ကိုယ်တော်၏ အသက်တန်ခိုးတော်အားဖြင့် ကိုယ်တော်၏အသက်ပုံသဏ္ဍာန်ကို ရရှိရန် ဘုန်းတော်၏အဆင့်တစ်ခုမှ ဘုန်းတော်၏နောက်ထပ်အဆင့်တစ်ခုသို့ ဇီဝတွင်းဖြစ်ပျက်မှု၌ ပုံသဏ္ဍာန်ပြောင်းလဲခြင်း ရှိကြသည်။

I. ပို့လွှတ်ဖြန့်ဖြူးပေးနေသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ပါဝင်ဆက်ဆံခြင်းအတွက် ဘုရားသခင်၏ကြွယ်ဝခြင်းအလုံးစုံနှင့်အတူ ခရစ်တော်ဖြစ်သောအရာအားလုံးကို ကျွန်ုပ်တို့အထဲသို့ ပို့လွှတ်ဖြန့်ဖြူးပေးနေသည်-၁၃း၁၄။

1. ဘုရားသခင်သည် မေတ္တာတော်ဖြစ်ပြီး၊ ဤမေတ္တာတော်သည် ပို့လွှတ်ဖြန့်ဖြူးပေးသူ ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အထဲသို့ ကျေးဇူးတော်အဖြစ် ပို့လွှတ်ဖြန့်ဖြူးပေးခြင်းခံရသည်။
2. ဝိညာဉ်တော်သည် ခမည်းတော်၏မေတ္တာတော်နှင့်အတူ ခရစ်တော်ကျေးဇူးတော်၏ မိတ်သဟာယ၊ ဆက်သွယ်ခြင်း၊ သွေးလှည့်ပတ်ခြင်း၊ ပို့လွှတ်ဖြန့်ဖြူးခြင်း ဖြစ်ပြီး၊ ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ ဘုရားဆိုင်ရာကြွယ်ဝခြင်းများကို ဝေငှဖြန့်ဖြူးပေးသည်။

© 2024 Living Stream Ministry